# သေနတ် သိုလှောင်သိမ်းဆည်းခြင်း လိုအပ်ချက်များနှင့် ဒဏ်ငွေပြစ်ဒဏ်များ

### ဖေဖော်ဝါရီလ ၂၀၂၄ ခုနှစ်တွင် ပြုပြင်တင်ပြခဲ့သည်

## မစ်ရှီဂန်၏ ဘေးအန္တရာယ်ကင်းစွာ သိုလှောင်သိမ်းဆည်းခြင်း ဥပဒေ အောက်တွင် သေနတ်သိမ်းဆည်းထားခြင်း လိုအပ်ချက်များမှာ ဘယ်အရာဖြစ်ပါသလဲ?

သင့်အနေဖြင့် သေနတ် သိမ်းဆည်းမည် သို့မဟုတ် သင့်ထိန်းချုပ်နိုင်မှုအောက်တွင် ရှိသည့် ပိုင်နက်နယ်နိမိတ်တွင် အာရုံစိုက်၍ ကြည့်နေခြင်းမရှိ ပစ်ထားခဲ့သည် ဖြစ်သည်၊ ထို့အပြင် သင်သည် အကျိုးအကြောင်းဆီလျော်စွာဖြင့် အသက်မပြည့်သေးသူတစ်ဦး ရှိနေမည် သို့မဟုတ် ရှိနေနိုင်မည်၊ ပိုင်နက်အတွင်း ရှိနေမည်ဆိုပါက သင်သည် အောက်ပါတို့မှ တစ်ခု သို့မဟုတ် တစ်ခုထပ်ပိုသည့်အရာများ ပြုလုပ်ဖို့ လိုအပ်ပါသည် -

- သေနတ်ကို သော့ခတ်ထားသည့် ပုံး သို့မဟုတ် ကွန်တိန်နာဗူးတစ်ခုတွင် ထည့်၍ သိမ်းဆည်းထားပါ
- သေနတ်အား ကျည်ဖြည့်ထားခြင်း မပြုလုပ်ပဲ ကျည်ဆန်ထုတ်ထားပြီး သေနတ်အား ပိုင်ရှင် သို့မဟုတ် ကိုင်ဆောင်ခွင့်ရှိ အသုံးပြုနိုင်သူတစ်ဦးမှလွဲ၍ အခြား မည်သူမှ အသုံးပြု၍ မရနိုင်စေရန်အတွက် သေချာစွာ သော့ခတ်ခြင်း ကိရိယာတစ်ခု သုံးပြီး သော့ပိတ်ထားပါ

သင်သည် အခြားသူတစ်ဦး၏ ပိုင်နက်နေရာအတွင်း ဝင်ရောက်လာပြီး အဆိုပါပိုင်နက်အတွင်း၌ သေနတ်အား သိမ်းဆည်းခြင်း သို့မဟုတ် ပစ်ထားခြင်းတို့ ပြုလုပ်သည်၊ ထို့အပြင် သင်သည် အသက်မပြည့်သေးသူတစ်ဦး ရှိနေမည်၊ ရှိနေနိုင်သည်၊ ပိုင်နက်အတွင်းရှိနေသည်ဟု သိခြင်း သို့မဟုတ် အကျိုးအားလျော်စွာ သိနိုင်မည်ဖြစ်ပါက အောက်ပါတို့မှ တစ်ခု သို့မဟုတ် တစ်ခုထပ်ပိုသည့်အရာကို ပြုလုပ်ရပါမည်

(၁) သေနတ်ကို သော့ခတ်ထားသည့်ပုံး သို့မဟုတ် ကွန်တိန်နာဗူးတွင် ထည့်ပြီး သိမ်းဆည်းပါ

(၂) သေနတ်ကို ကျည်ဆန်ထုတ်ထားပြီး သေနတ်သော့ချသည့် ကိရိယာကို အသုံးပြုကာ သေနတ်အလုပ်မလုပ်နိုင်ရန်ပြုလုပ်ပြီး ပိုင်ရှင် သို့မဟုတ် အသုံးပြုခွင့်ရှိသူမှလွဲ၍ အခြား မည်သူမှ အသုံးပြုခြင်း မပြုလုပ်နိုင်စေရန် သော့ခတ်ထားပါ

(၃) ပိုင်နက်နယ်နိမိတ်အတွင်း မဝင်ခင် ဖော်ပြပါတို့ကို ပြုလုပ်ပါ

- သင်၏ မော်တော်ယာဉ်တွင် သေနတ်ကို သော့ခတ်ထားသည့်ပုံး သို့မဟုတ် ကွန်တိန်နာဗူးတွင် ထည့်ပြီး သိမ်းဆည်းပါ၊ ပြီးလျှင် သေနတ်အား သော့ချသည့် ကိရိယာအသုံးပြုပြီး သေနတ်အလုပ်မလုပ် နိုင်ရန်ပြုလုပ်ပြီး ပိုင်ရှင် သို့မဟုတ် အသုံးပြုခွင့်ရှိသူမှလွဲ၍ အခြား မည်သူမှ အသုံးပြုခြင်း မပြုလုပ်နိုင်စေရန် သော့ခတ်ထားပါ၊ ထို့အပြင်
- သင်၏ မော်တော်ယာဉ်ကို သော့ခတ်ထားပါ

| အဓိပ္ပာယ်ဖွင့်ဆိုချက်များ |
| --- |
| **"သော့ခတ်ထားသည့် ပုံး သို့မဟုတ် ကွန်တိန်နာ"** |
| ဆိုလိုသည်မှာ သေချာစွာအလုံပိတ်သည့် ကွန်တိန်နာဖြစ်ပါသည်၊ သေနတ်သိုလှောင် သိမ်းဆည်းရန်အတွက် ဒီဇိုင်းသီးသန့်ထုတ်လုပ်ထားသည်ဖြစ်ပြီး အလုံပိတ်ထားနိုင်သည့်အပြင် အသက်မပြည့်သေးသည့် minor လူငယ်မှ သော့တံ သို့မဟုတ် combination လျှို့ဝှက် နံပါတ် သို့မဟုတ် အခြားနည်းဖြင့် ဖွင့်၍ မရသည့် padlock၊ key lock၊ combination lock သို့မဟုတ် အလားတူ သော့ခတ်သည့် ကိရိယာများ သုံး၍ သော့ခတ်ထားခြင်း ဖြစ်သည်။ |
| **"သော့ခတ်သည့် ကိရိယာ"** |
| ဆိုလိုသည်မှာ သော့ခတ်နိုင်မည့် trigger lock ၊ cable lock သို့မဟုတ် အခြားသော ဆင်တူသော့ဂလောက် အမျိုးအစားမျိုးဖြစ်ပြီး သေနတ်ကျည်ဆန်ထွက်ခြင်းမှ တားဆီးပေးနိုင်မည့် သော့ခတ်ခြင်းဖြစ်သည် |
| **"Minor"** |
| ဆိုလိုသည်မှာ အသက် ၁၈ နှစ်မပြည့်သေးသည့် လူငယ်ဖြစ်ပါသည် |
| **"ခန္ဓာကိုယ်လုပ်ဆောင်မှုကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေခြင်း"** |
| မစ်ရှီဂန် ယာဉ်စည်းမျဉ်းကုဒ် အပိုင်း ၅၈ ဂ၊ ၁၉၄၉ PA ၃၀၀, MCL ၂၅၇.၅၈ ဂ. တွင်သတ်မှတ်ထားသည့် သတ်မှတ်ချက်အခေါ်အဝေါ် |

## မစ်ရှီဂန်၏ ဘေးအန္တရာယ်ကင်းစွာ သိုလှောင်သိမ်းဆည်းခြင်း ဥပဒေအောက်ရှိ ဒဏ်ငွေအပြစ်ဒဏ်များမှာ မည်သည့်အရာများဖြစ်သလဲ?

***ဤ ဥပဒေအောက်တွင် အပြစ်ကျူးလွန်သူသည် အဆိုပါဖြစ်ရပ်တစ်ခုတည်းမှ အထမြောက်သည့် ရာဇဝတ်မှုမှ ရရှိနိုင်မည့် ကျူးလွန်မှုအပြစ်ဒဏ်များအပြင် ထပ်တိုးအပြစ်ဒဏ်ပေးနိုင်ပါသည်။***

သင်ဟာ misdemeanor ရာဇဝတ်မှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားသည်ဖြစ်ပါက ရက်ပေါင်း ၉၃ ရက်ထပ်မများသော ထောင်သွင်းအကျဉ်းချခြင်း သို့မဟုတ် ဒေါ်လာ $၅၀၀ ထပ်မများသော ဒဏ်ငွေ ပေးဆောင်ရခြင်း သို့မဟုတ် နှစ်မျိုးလုံးကျခံခြင်းဖြင့် အပြစ်ပေးခံရနိုင်ပါသည်၊ ၎င်းပြစ်မှုခံရခြင်းကို သေနတ်အား သတ်မှတ်ထားသည့် သိမ်းဆည်းခြင်း သို့မဟုတ် ပစ်ထားခြင်းတို့ ပြုလုပ်ရန် ကွက်ပျက်ခဲ့သည့်အခါဖြစ်စေ အောက်ပါအချက် နှစ်မျိုးစလုံးဖြစ်ပွားသည့်အခါဖြစ်စေ ကျူးလွန်သည်ဟု သတ်မှတ်နိုင်ပါသည် -

- အသက်မပြည့်သူ minor တစ်ဦးမှ သေနတ်ရရှိထားသည် နှင့်
- အသက်မပြည့်သူ minor သည် (က) ပြည်သူပိုင်နေရာတစ်ခုတွင် သေနတ် ကိုလက်ဝယ်ကိုင်ဆောင်ထားသည် သို့မဟုတ် ထုတ်ပြထားသည် သို့မဟုတ် (ခ) အခြားလူတစ်ဦးရှေ့တွင် သေနတ်အား ဂရုမစိုက်သည့်ပုံစံ၊ အလေးမထားသည့် ပုံစံ သို့မဟုတ် ချိန်းခြောက်မှုပြသည့် ပုံစံအလား လက်ဝယ်ကိုင်ဆောင်ထားခြင်း သို့မဟုတ် ထုတ်ပြထားခြင်း များ ပြုလုပ်လျှင် ဖြစ်သည်။

သင်သည် သေနတ် သိုလှောင်သိမ်းဆည်းရန် သို့မဟုတ် လိုအပ်သည့် အပြုအမူအတိုင်း ထားခဲ့ရန် ပျက်ကွက်ခဲ့သည့်အတွက် အကျိုးဆက်အနေဖြင့် အသက်မပြည့်သူ minor သည် သေနတ်ကို ရရှိသည်၊ ကျည်ဆန်ထွက်အောင် ပစ်မိပြီး မိမိကိုယ်ကိုယ် သို့မဟုတ် တခြားသော တစ်စုံတစ်ယောက်ကိုဖြစ်စေ ဒဏ်ရာ အနာတကျဖြစ်စေသည် သို့ဖြစ်ပါ၍ အကျိုးရလဒ်အနေဖြင့် ရာဇဝတ်မှုထင်ရှားကြောင်း ပြစ်မှုကျူးလွန်သည်ဖြစ်ကာ ငါးနှစ်တာကာလထက် မများသော ထောင်သွင်းအကျဉ်းကျခြင်း သို့မဟုတ် ဒေါ်လာငွေ $၅,၀၀၀ ထက်မများသော ဒဏ်ငွေ သို့မဟုတ် နှစ်မျိုးလုံး ကျခံရနိုင်ပါသည်။

သင်သည် သေနတ် သိုလှောင်သိမ်းဆည်းရန် သို့မဟုတ် လိုအပ်သည့် အပြုအမူအတိုင်း ထားခဲ့ရန် ပျက်ကွက်ခဲ့သည့်အတွက် အကျိုးဆက်အနေဖြင့် အသက်မပြည့်သူ minor သည် သေနတ်ကို ရရှိသည်၊ ကျည်ဆန်ထွက်အောင် ပစ်မိပြီး မိမိကိုယ်ကိုယ် သို့မဟုတ် တခြားသော တစ်စုံတစ်ယောက်ကိုဖြစ်စေ ပြင်းထန်သည့်ဒဏ်ရာ အနာတကျဖြစ်စေပြီး ခန္ဓာကိုယ် လှုပ်ရှားလုပ်ဆောင်မှု ယိုယွင်းပျက်စီးစေသည် သို့ဖြစ်ပါ၍ အကျိုးရလဒ်အနေဖြင့် ရာဇဝတ်မှုထင်ရှားကြောင်း ပြစ်မှုကျူးလွန်သည်ဖြစ်ကာ ဆယ်နှစ်တာကာလထက် မများသော ထောင်သွင်းအကျဉ်းကျခြင်း သို့မဟုတ် ဒေါ်လာငွေ $၇,၅၀၀ ထက် မများသော ဒဏ်ငွေ သို့မဟုတ် နှစ်မျိုးလုံး ကျခံရနိုင်ပါသည်။

သင်သည် သေနတ် သိုလှောင်သိမ်းဆည်းရန် သို့မဟုတ် လိုအပ်သည့် အပြုအမူအတိုင်း ထားခဲ့ရန် ပျက်ကွက်ခဲ့သည့်အတွက် အကျိုးဆက်အနေဖြင့် အသက်မပြည့်သူ minor သည် သေနတ်ကို ရရှိသည်၊ ကျည်ဆန်ထွက်အောင် ပစ်မိပြီး မိမိကိုယ်ကိုယ် သို့မဟုတ် တခြားသော တစ်စုံတစ်ယောက်ကိုဖြစ်စေ အသက်ဆုံးရှုံးစေခဲ့သည် သို့ဖြစ်ပါ၍ အကျိုးရလဒ်အနေဖြင့် ရာဇဝတ်မှုထင်ရှားကြောင်း ပြစ်မှုကျူးလွန်သည်ဖြစ်ကာ တစ်ဆယ့်ငါးနှစ်တာကာလထက် မများသော ထောင်သွင်းအကျဉ်းကျခြင်း သို့မဟုတ် ဒေါ်လာငွေ $၁၀,၀၀၀ ထက် မများသော ဒဏ်ငွေ သို့မဟုတ် နှစ်မျိုးလုံး ကျခံရနိုင်ပါသည်။

**မစ်ရှီဂန်၏ ဘေးအန္တရာယ်ကင်းစွာ သိုလှောင်သိမ်းဆည်းခြင်း ဥပဒေအောက်တွင် ပါဝင်ချမှတ်ထားခြင်းမရှိသည့် အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည် -**

အသက်မပြည့်သူ minor သည်

(၁) minor ၏ မိဘ သို့မဟုတ် အုပ်ထိန်းသူ၏ခွင့်ပြုချက်ဖြင့် သေနတ် ရယူသည်

(၂) minor ၏ မိဘ၊ အုပ်ထိန်းသူ၊ သို့မဟုတ် အသက် ၁၈ နှစ်သို့မဟုတ် ပို၍အသက်ကြီးသော တစ်စုံတစ်ယောက် ထို့အပြင် ထိုသူသည် minor ၏ မိဘ သို့မဟုတ် အုပ်ထိန်းသူထံမှ လုပ်ပိုင်ခွင့်ပေးအပ်ထားခြင်းရှိထားသူ စသူတို့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သေနတ် အသုံးပြုသည် သို့မဟုတ် လက်ဝယ်ကိုင်ဆောင်ထားသည်၊ ထို့အပြင်

(၃) သေနတ်ကို အသုံးပြုသည် သို့မဟုတ် လက်ဝယ်ကိုင်ဆောင်ထားချိန်တွင် (က) minor သည် အလုပ်ခန့်အပ်ထားစဉ်ကာလဖြစ်သည်
(ခ) မွေးမြူရေးခြံ သို့မဟုတ် လယ်ယာလုပ်ကိုင်နေစဉ် သို့မဟုတ် (ဂ) အန္တရာယ်ကင်းစွာ သေနတ်အသုံးပြုရန် လမ်းညွှန်အတိုင်း အသုံးပြုနေစဉ် သို့မဟုတ် ပစ်မှတ်ထိ လေ့ကျင့်နေစဉ် အသုံးပြုခြင်း

အကယ်၍ အသက်မပြည့်သူ minor သည် သေနတ်ကို minor ၏ မိဘ သို့မဟုတ် အုပ်ထိန်းသူ၏ ခွင့်ပြုချက်ဖြင့် ကိုင်ဆောင်ပြီး သေနတ်အသုံးပြုသည့်ရည်ရွယ်ချက်သည် အမဲလိုက်ခြင်းနှင့် အမဲလိုက်ဥပဒေများနှင့်ကိုက်ညီစွာ လိုက်နာမှု ရှိသည်။

အကယ်၍ အသက်မပြည့်သူ minor သည် သေနတ်ကို ရရှိခဲ့ခြင်းမှာ ဥပဒေနှင့် အညီမဟုတ်သည့် ပိုင်နက်နယ်နိမိတ်အတွင်း ဝင်ရောက်ခြင်း သို့မဟုတ် သေနတ်သိမ်းဆည်းထားသည့် မော်တော်ယာဉ်မှရရှိခြင်း။

အကယ်၍ အသက်မပြည့်သူ minor သည် သေနတ်ကိုင်ဆောင်ထားချိန်၌ ဥပဒေနှင့်ညီညွတ်သော မိမိကိုယ်ကို-ကာကွယ်ခြင်း သို့မဟုတ် တစ်စုံတစ်ယောက်အတွက် ခုခံကာကွယ်ပေးခြင်းအတွက်ဖြစ်သည်။